
အာဇာနည်▲ကျော်ထွန်း
သင်္ကြန်နှံ့ကျပြီ
ထ၊ထ၊ထ၊
THINGYAN HAS FALLEN
"Wake up ... Wake up ...Wake up ..."
အတွဲ ၄၅။
အမှတ် ၁၅၅။
ရွှေသွေး
Shwethway
သုဘဂ္ဂ ဓနုန်၊ တန်ခူးလဆန်း ၃ ရက်။
(13-4-2013)
by
KYAWTUN

သင်္ကြန်ကျတာနဲ့ ဘာဖြစ်လို့
ကျွန်တော့်ကိုလာနှိုးရတာလဲဗျ။
"As the Thingyan has fallen, why did you wake me up?"
လူ့ပြည်သို့
လေ့လာရေးဆင်းလာတာ၊
အဖော်မပါလို့လာခေါ်တာကွ
"I've come down to the human abode on a study tour. Because I have no companion, I've come here to bring you."

တစ်နှစ်တစ်ခါလူ့ပြည်သူ့ဘဂကိုဆင်းဘင်း
လာတာ၊ ဟာအောက်အသစ်အသစ်တွေတိုးတိုး
နေပြီး မမှတ်မိတော့လို့ပါကွာ။
"I come down to the human abode once a year. As the new buildings are increasing, I can't remember. That's why ...."
ဝေဇယန္တလမ်းကို
ရောက်ပြီလားဟင်း
"Have we got to Wayzayandar Road?"
ဟင့်အင်း
သာကေတကိုရောက်
နေပြီ၊
"No, you're now in Thakayta."

ကဲဆောင်ရိုး၊ ငါ့အတွက် လုပ်ပေး
ပါဦး၊ ဒီပုံကြီးနဲ့ အပြင်ထွက်ဖို့
မလွယ်ဘူးကွ။
"Well, please do me a favour, Maung Yoe. It isn't easy for me to go out in such an appearance."

ခုလိုဝတ်လိုက်တော့
သူဇီတာကိုဦးသုမာလာတို့
မှတ်မိမှာမဟုတ်တော့
ဘူး... ဟီး... ဟီး... ဟီး...။
"If I wear the dresses like this, even Thu-zi-tar and Thu-mar-lar won't be able to remember me. Hee... Hee ... Hee..."
ANGRY BIRDS

ဟာ! ဒါက ဘာဖြစ်လာတာတုံး။
"Oh! What's wrong with them?"
အစိမ်းလေးလည်း ချစ်ဖို့ပဲ။
"The yellow one is adorable!" "The green one is adorable too!"
"Who's that ... Who's that?"
APRIL FOOL

အဲဒါ သကြိန် ရေပက်ခံထွက်လာတဲ့ သူတွေပါ ဦးမာရှ။
"They're out to have water splashed, U Marga."

ရေကစား ပိုထွက်တာတော့ထွက်ပေါ့။ ဆိုတော့ အခါကြီးရက်ကြီးများ အရက်တွေသောက်၊ အနွှေးမတော်အောင် ဝတ်ကြ၊ ကဲကြနဲ့။
"It doesn't matter if they go out to enjoy the water festival. But now ... they drink liquor and wear dresses decadently ..."


လူနွေးမတော်အောင် လုပ်နေကြတာဟာ မြန်မာတွေချည်း ဟုတ်ရဲလား၊ ကဲ မှတ်ပြီးမယ်၊ခွေးသားရေပုရပိုက်ထဲမှာ။
"Are those who are doing things immodestly Myanmar people? I'll jot them down in the dog-skinned folded paper book."

အဲဒီထဲ ချတ်ပြီးကာ လုပ်ဦးမှာလဲ ဦးမာရှ
"What shall you do after jotting them down, U Marga?"
နောက် သိရမှာပေါ့။
"You'll know it later."
ဟာ ဒါတွေကတော့လဲ။
"And what are they?"

သကြိန်ရေကစားနေကြတာပါ။
"They're splashing water."
ဂ အပြာလေးလည်း ချစ်ဖို့ ကောင်းတယ်
"The blue one is adorable!"

အိုး...ရေကစားတာက လူသတ်နေတဲ့ အကြိုင်းပါပဲလား၊ သပြေခက်နဲ့ရေပက်တယ်ဆိုတာတွေ မရှိတော့ဘူးလား မောင်ရှိုးရဲ့။
"Splashing water is like killing each other, isn't it? Splashing water with a spring of ugenia is no longer, is it?"


မြင်ရတော့ရုတာတွေက မျက်စီရိုင်းသကွာ။ ဟော ဟိုမှာကပါလိမ့်။
"Whatever I see is very unusual to my eyes. What's there?"


စတဲ့ဒီသာကျွေးနေကြတာပါ။
"They're giving a charity feast for all."
ကြွပါခင်ဗျာ၊ ကြာရဲဟင်းခါးလေး သုံးဆောင်သွားပါ ဦး။
"Please step in. Would you like to have *Kyar-Zan-Hingha?*"

အို ကော်ကော်အရသာရှိတယ်။
"Oh! How delicious it is!"
ဟိုဘဲဟာစင်ကဘာလုပ်ဖို့လဲ၊ အလှူရှိလို့လား။
"What's that dais for monks for? Is there a donation ceremony?"
နှစ်ဆန်းတစ်ရက်နေ့ကျရင် သက်ကြီးဂုဏ်ပြုပွဲလုပ်မလို့ပါ။
"There will be respect-paying to the aged on the New Year's Day."
သင်္ကြန်ပွဲတော်ပဲ
အဲဒီမှာအကိုးအဆွဲးဆွဲကိုခွေင်းလျှော်ခြေသည်းလက်သည်းညှပ်ပေးတာတွေလည်းလုပ်ကြသေးတယ်လေ။
"On that day, the young men will cut their fingernails and toenails and give shampoo to them."
မျက်စိစပ်တယ်၊ ဖျော့...ဖျော့။
"My eyes are stinging."
သာဓုပဲဗျာ... သာဓု၊ သာဓု၊ ခုလို ကြားရတာ ဝမ်းသာလိုက်တာ။
"Well done ... Well done ... Well done ... I'm feeling very happy to hear that."
သွေးတိုးရှိလို့ဟင်းခါးငါးပန်းကန် လောက်ပဲသောက်ခိုင်တော့တယ်။
"Because of my blood pressure, I could have only five helpings of *Hinga*."
ဟိုမှာလူတွေစုစု၊စုစုနဲ့ဘာတွေ လုပ်နေကြတာလဲ။
"There are crowds over there. What are they doing?"
အဆိုတော်တွေသီချင်းဆိုနေကြတာပါဒို့မာဃ။
"Vocalists are singing, U Marga."
ရင်ဆောက်ကလူတွေကဘာဖြစ်နေကြတာလဲ။
"What's wrong with the people in front of the stage?"
သူတို့ပါပျော်ပြီး ကခုန်နေ ကြတာပါ။
"They too are happy and dancing."

ဟော! မြင်ခဲ့ကြား ခဲ့ရတာထွေက
တစ်နှစ်ထက်တစ်နှစ်ပိုဆိုး ခဲ့ပါလား။

"Oh! What I've seen and heard becomes worse year after year."

အိုင်... အိုင်.. အိုင်... ဂိန်... ဂိန်... ဂိန်...

"I .. I .. I.. Yelp .. Yelp .. Yelp .."

ဘာဘွန် ဘာဘွန်။

"Barbun ...Barbu .. Barbun ..."

ဘာတွေအိုးပြီး ဘာတွေအော်
ခဲ့ကြတာလဲ သူတို့ ကခုန်ခဲ့
ကြတာက ခွေးကျေးယောင်ဘီလေ
မြေကဖင်ထိုင်ခွေသလိုကြီးပါလား။

"What are they singing and shouting? How they dance is like a monkey sitting on cowitch fruit."

တစ်ခြိုင့်လုံး ဘီယာဆိုင်တွေ အရက်
ဆိုင်တွေ မှိုလိုပေါက်နေပြီး လူတွေ
လည်း မူးရူးနေတော့တာပဲ လား။

"As the beer-pubs and liquor shops are mushroomin all over the town, people are in their cups."

ဆိုဂျုးသွားနေလို့ ကွန်းပိုး ပြီးလို့ပိုရော့...လို့။

"Because I've drunk Soju and got intoxicated, please carry me on your back."

"What"

ဟင်္ဂျ!

အကုသိုလ်လုပ်နေတဲ့သူတွေကို
မှတ်ရတာ ခဲ့ခဲ့ရပြီးကြောင်
ဖလောက်တော့လို့ လက်တော့တဲ့
ထဲညှ့်နေရပြီ။

"The number of those who are doing evil things are so many that I can't take note in the dog-skinned folded paper book. So, I have to put them in my laptop."

ဒီကလူစာရင်းကို အဓိဒိကာ ယာမမင်းဆီ
အီးမေးလ် နဲ့ ပို့လိုက်တော့မယ်။

"I'm going to send the list of them to the Grim Reaper at the underworld by email."

မြောရဲ့ညွှတ်ကြီး အစားများလို့ အဲဒီပမ်ပြော်
သွားပြီတဲ့။

"The chairman of the Buddhist Community Hall has fallen asleep because he's eaten too much."

အလှူမစားသေးသည့် တွေမတ်ခင် အဖိမ်
စာကို ဟင်းပမ်းသွားမှာ။

"Before the laymen eat at the donation ceremony, I must carry."

သိကြားမင်း ပို့လိုက်တဲ့
လူစာရင်းတွေအကုန်ရတယ်၊
ဘယ်လိုအပြစ်ဒဏ်ရသွား
တယ်ဆိုတာ အင်တာနက်
ကိုသာ ဖွင့်ကြည့်လိုက်ပါ။

"I've got the list of the people sent by the King of celestial abode. Go on the Internet just to know how they've been punished."

အရက်မသောက်တော့ပါဘူး။

"I won't drink liquor any longer."

အဖော်အချွတ်တွေ
ရှောင်ပါ့မယ်ရှင့်။

"I'll avoid decadent dresses."

အရက်မရောင်းတော့ပါဘူး။

"I won't sell liquor any longer."

ရတနာသုံးပါး ကို မစော်ကား
တော့ပါဘူးဗျာ။

"I'll no longer insult the Great Three Gems."

မဟုတ်တဲ့ဂေါဒန်ရတွေ
မရေးတော့ပါဘူးဗျာ။

"I won't write untrue mysterious books."

ထမင်းရှင်တွေ့အပေါ်
မစော်ကားတော့ပါဘူး။

"I won't insult our true benefactors."

မဟုတ်တဲ့အဆိုနှင့်တွေ
မပေး တော့ပါဘူးဗျာ။

"I won't give unreasonable orders."

လာဘ်ဖောင်းတော့
ပါဘူးဗျာ။

"I won't take bribery."

ဂုဏ်ပြုပွဲ ခမ်းနားစွာ
ဆင်နွှဲပြီးပါပြီ ဗျို့။

"Got it, Chairman of Buddhist Community Hall."

သူများကိုလည်း
တုန်းကဒီလိုပူမယ်
ဆိုတာ မသိဘူးလား။

"Don't you know that you will have to suffer much like this when you do evil things to others?"

END.

မြန်မာစာစကားဝိုင်း (၄၆)

တင်လင်းဇော်

'ရိုးသားတဲ့သမက်လောင်း ခရွေးချယ်တဲ့အခါ'

သည်နှစ်သက်ဖွယ်တွင် ဘကြီးညာဏ်တစ်ယောက် တရားစခန်းမဝင်ဖြစ်တော့ပါ။ အိမ်စောင့်တာဝန်ယူရင်း စာအုပ်ဟောင်းလေးများ ရှာဖတ်ကာ နွေအပူဒဏ်ကို ကြံ့ကြံ့ခံနေရှာသည်။ မြေးတစ်သိုက်လည်း နွေရာသီမှာ ဘုရားဖူးသွားကြ၊ သင်္ကြန်မှာ ရေပက်ကြနှင့် ဘကြီးညာဏ်ထံ မလာဖြစ်ကြပေ။ သည်နေ့တော့ ခွန်းဆက်သနှင့် ဝေယျာအောင်တို့နှစ်ဦးသား ရောက်လာကြပြန်သည်။

ဘကြီးညာဏ် ။ ။ သားတို့နှစ်ယောက်က သင်္ကြန်မလည်ကြဘူးလားကွယ့်။

ဝေယျာအောင် ။ ။ ဟုတ်တယ်ဆရာကြီး။ ပူလွန်းလို့ အမေက နေမကောင်းဖြစ်မှာ စိုးရိမ်နေတာ။ ဒါကြောင့် ဆရာကြီးအိမ်ဘက်လျှောက်လာခဲ့တာ။

ခွန်းဆက်သာ ။ ။ မဟုတ်ဘူးဆရာကြီး။ ဝေယျာအောင်က သူ့လေးလေးနဲ့ မြို့ထဲလိုက်သွားပြီး ဆံပင်ကို ဆေးဆိုးထားတာ။ အခုတော့ အဲဒီဆေးဆိုးတဲ့ ဆံပင်ကြီးနဲ့ မြို့ထဲလျှောက်လည်ရမှာ ရှက်နေတာ ဆရာကြီး။

ဝေယျာအောင် ။ ။ အဲဒါကြောင့် မဟုတ်ပါဘူးကွာ။ ဆံပင်ဆေးဆိုးတာက အနက်ရောင်ပြန်ဆိုးလိုက်ရင် ရပါတယ်။ အခုဟာက ပူလွန်းလို့ပါ။

ခွန်းဆက်သာ ။ ။ ဆေးပြန်ဆိုးရင် ဆေးဆိုးခဆံပင်ကုန်ဦးမှာပေါ့ကွ။ ဆရာကြီး သူ့ခေါင်းဆေးဆိုးခက ၅၀၀၀ တောင်ပေးရတာ။ ပြန်ဆိုးရင် ၅၀၀၀ ထပ်ကုန်ဦးမှာ။ ဆရာကြီး၊ ကျွန်တော်တို့ ဒီနေ့လာတာက ဆရာကြီးကို ပုံပြောခိုင်းချင်လို့။

ဘကြီးညာဏ် ။ ။ သားတို့ကိုယ်တိုင် စာတွေဖတ်ရင် ပုံပြင်တွေ သိနိုင်တာပဲကွယ့်။ ရွှေသွေးတို့ မင်္ဂလာမောင်မယ်တို့မှာ ရှာဖတ်ကြလေ။

ခွန်းဆက်သာ ။ ။ ဆရာကြီးပြောတော့ အတုယူစရာရောင်စုံရာတွေ တစ်ခါတည်း ပြောပြသွားတာဆိုတော့ ပိုပြီး မုတ်မိလို့ပါ။ ဟောဟိုမှာ ပုံပြင်ကြိုက်တဲ့ ညီလေးလုံးတုံးနဲ့ ပုံ့ပုံ့တို့လည်း လာပြီဟော့။

လုံးတုံး ။ ။ ဘကြီးက ပုံပြောမလို့တဲ့။ မြန်မြန်လာဟေ့ ပုံ့ပုံ့။ ပုံပြင်နားမထောင်ရတာ ကြာလှပြီ။

ပုံ့ပုံ့ ။ ။ ဘကြီး ပုံပြင်မပြောင်ေ သမီးတို့ကို မုန့်ကျွေးဦးနော်။

ဘကြီးညာဏ် ။ ။ ပုံပြင်ကို အရင်နားထောင်ကြရအောင်။

အားလုံး ။ ။ ဟုတ်ကဲ့ပါ ဘကြီး။ ဟုတ်ကဲ့ပါ ဆရာကြီး။

ဘကြီးညာဏ် ။ ။ ဝေယျာအောင်တို့က ခုနစ်တန်းတက်ရမှာဆိုတော့ သားတို့သင်ရမယ့် ဓာတကကောက်နှတ်ချက်တွေဆိုတာ ပုံပြင်တွေပါပဲကွယ်။ အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားက ၅၅၀ ဓာတ်နိပါတ်တွေကို ရွေးချယ်ကောက်နှတ်ပြီး ကလေးတွေရဲ့အသိဉာဏ်နဲ့ သင့်လျော်အောင် ပြန်ရေးထားတာတွေပါ။ အားလုံးတော့ မဟုတ်ဘူး၊ ဘကြီးဆီမှာ ဓာတကလက်ရွေးစင် သုံးအုပ်ရှိတယ်။ သားတို့ယူဖတ်ကြည့်ကြပေါ့။

ခွန်းဆက်သာ ။ ။ ပုံပြင်မပြောင် ဆရာကြီးကို နည်းနည်းလောက်မေးကြည့်ချင်လို့ပါ။

ဘကြီးညာဏ် ။ ။ မေးပါကွယ်။

ခွန်းဆက်သာ ။ ။ မြတ်စွာဘုရားက ဘုရားဖြစ်ဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်ရတာဆို ဆရာကြီး။ တစ်သင်္ချေတို့၊ တစ်ကမ္ဘာတို့ဆိုတာ ဘယ်လောက်ကြာလဲ သိချင်လို့ပါ။

ဘကြီးညာဏ် ။ ။ အဲဒါတွေကို ဖြေနေရင် ဒီနေ့ပုံပြင်မပြောရဘဲ ဖြစ်နေလိမ့်မယ်။ နောက်တစ်ပတ်မှ ပြောရအောင်။

ခွန်းဆက်သာ ။ ။ ကျွန်တော်သိချင်တာက တစ်ဘဝကို ဓာတ်တော်တစ်ခုဆိုတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုရင် ဓာတ်တော်ပေါင်းလည်း အများကြီးရှိရမှာ။ အခုတော့ ၅၅၀ထဲရှိလို့ မေးကြည့်တာပါ။

ဘကြီးညာဏ် ။ ။ ဆရာကြီးတောင် မစဉ်းစားမိဘူးကွယ့်။ ဒီလိုများဖြစ်နိုင်မလားဘဲကွယ့်။ ဘဝတွေကတော့ အများကြီးပေါ့ကွယ်။ ဒါပေမဲ့ ပါရမီ ၁၀ ပါးမှာ တစ်ပါးပါးမှ ဖြည့်ကျင့်ရာ မရောက်တဲ့ဘဝတွေကို ၅၅၀ ထဲမှာ ထည့်မထားတာဖြစ်မယ်ထင်တယ်။ ဥပမာ-- ဘုရားလောင်းရဲ့ဘဝတစ်ခုမှာ ပုရွက်ဆိတ်ကလေး၊ ယင်ကောင်လေးဖြစ်ချင်ဖြစ်မယ်။ အဲဒီဘဝမှာ မတော်တဆ ထိနိုက်မိလို့ သေဆုံးသွားခဲ့တယ်။ အဲဒီလိုဘဝမျိုးကိုတော့ ၅၅၀ ထဲ မပါဘူးရှိမှာပေါ့။

ဝေယျာအောင် ။ ။ ဆရာကြီး၊ ဘုရားလောင်းက ဘဝများစွာဖြစ်တဲ့ထဲမှာ ငုံးသတ္တဝါ အောက်သေးငယ်တဲ့ဘဝမှာ မဖြစ်ခဲ့ဘူးလို့ ကျွန်တော်ကြားဖူးပါတယ်။ ပုရွက်ဆိတ်ဘဝ၊ ယင်ကောင်ဘဝတွေ ဖြစ်ပါ့မလား။

ဘကြီးညာဏ် ။ ။ သားတို့ကို ဆရာကြီး လန့်လာပြီ။ ကဲ နောက်တော့ ထပ်ဆွေးနွေးကြတာပေါ့။

လုံးတုံး ။ ။ ဘကြီး၊ ပုံပြင်ပြောတော့ဗျာ။ ၅၅၀ ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်။

ဘကြီးညာဏ် ။ ။ ဟုတ်ပါပြီ လူကြီးမင်းရဲ့။ ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ တက္ကသိုလ်ပြည့်က ဒီသာပါမောက္ခကြီးတစ်ဦးမှာ အလွန်ချောမောလှပတဲ့ သမီးလေးတစ်ယောက် ရှိသတဲ့ကွယ်။ အဲဒီဆရာကြီးဟာ သူ့သမီးလေးကို သူတပည့် ၅၀၀ ထဲက အကျင့်စာရိတ္တကောင်းတဲ့ သူတစ်ယောက်နဲ့ ထိမ်းမြားလက်ထပ်ပေးချင်တယ်တဲ့။

လုံးတုံး ။ ။ ဘကြီး၊ ကိုဝိုင်ဝိုင်ပြောပြလို့ သားသိပြီးသား။ ဆရာကြီးက သူ့တပည့်တွေကို အဖိုးတန်တဲ့ ပစ္စည်းဥစ္စာတွေနိုးယူခိုင်းတာလေ။ ဘာမှ နိုးယူမလာတဲ့ သူနဲ့ ပေးစားလိုက်တာ မဟုတ်လား။ ရိုးသားဖြောင့်မတ်လို့ ဆိုပြီးတော့လေ။

ဝေယျာအောင် ။ ။ ကျွန်တော်တို့လည်း နားထောင်ဖူးတယ် ဆရာကြီး။ ညီလေးလုံးတုံး၊ အဲဒီပုံပြင်ထဲက ဆရာကြီးရဲ့ဆုံးဖြတ်ချက်ကို သဘောကျရဲ့လား။

လုံးတုံး ။ ။ သဘောကျတာပေါ့။ ကျွန်တော်ကြီးရင်လည်း သူများပစ္စည်းမနိုးဘူးဗျ၊ အဲလိုရိုးသားသူဖြစ်အောင်နေမှာ။

ပုံ့ပုံ့ ။ ။ ကိုကိုကြီးတို့က ဘာတွေမှန်းလဲ မသိဘူး၊ ညီမလေးက ပုံပြင်ကို အခုမှကြားဖူးတဲ့ဟာကို။

ခွန်းဆက်သာ ။ ။ နောက်တော့ ကိုကို ဆက်ပြောပြမယ်နော်။ ဆရာကြီး၊ ကျွန်တော်မေးချင်သေးလို့။ ဒီသာပါမောက္ခကြီး ဘယ်လို ဆုံးဖြတ်မလဲမသိဘူးနော်။

ဘကြီးညာဏ် ။ ။ ခြေစစ်ပွဲအောင်တဲ့ အကြိုဗိုလ်လုပွဲတက်တဲ့ အသင်းတွေလို့ပေါ့ကွယ်။ ဗိုလ်လုပွဲထပ်ဆင့်ခဲ့ကြရဦးမှာပေါ့။ ထပ်ထပ်တူနေရင်တော့ နောက်ဆုံးတော့ ပင်နယ်လ်တီနဲ့ သမက်ရွေးရမှာပေါ့။ ။

ကာတွန်းမြေရာ

စိန်မျောက်မျောက်

SEIN MYAUK MYAUK

By Cartoon Myay Zar

"Yawn! I'm feeling bored."

"How shall I do to make myself happy?"



"I've got an idea ... Hee ... Hee ..."

"On this cardboard."

"If I paint like this."



"I'll have a test with Mom first."

"Oh Mother!"

"Garr!"

"Sein Myauk Myauk,come back!"

"Hee! Hee!"

"I'm successful in threatening Mom. I must find another one."

"boiled pea!"

"Garr!"

"Arrr ..."

"Ha! Ha! Ha! It's very funny."

"Why are you tickled pink?"

"Oh Pi Pi! What a coincidence!"



"Garrr."

"Give it to me."

"You're the fellow who is doing things harming yourself and other people."

လွတ်လပ်ရေးကို ကာကွယ်ပါ။

(ပုံပြင်)

မိကျောင်းမင်းသား

ဆောင်း

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါးဟာ ပြည်သူတွေအပေါ် မင်းကျင့်တရား ၁၀ ပါးနဲ့အညီ အုပ်ချုပ်တာကြောင့် တိုင်းပြည်ဟာ ဆန်ရေစပါးပေါကြွယ်ဝပြီး ကူးသန်းရောင်းဝယ်ရေးလည်း အဆင်ပြေချောမွေ့တယ်။ ဒါပေမဲ့ အဲဒီ ဘုရင်ကြီးမှာ ဘယ်လိုမှ ဖန်တီးယူလို့ မရတဲ့အားနည်းချက်တစ်ခု ရှိတယ်။ အဲဒါကတော့ သားသမီးမထွန်းကားတာပဲဖြစ်တယ်။ ဘုရင်ကြီးမှာ မိဖုရားတွေ၊ မောင်းမမိသံတွေများစွာရှိပေမယ့် သားသမီးရတနာတစ်ပါးမှ မထွန်းကားတဲ့အတွက်ကြောင့် အခြားတိုင်းပြည်တွေအလယ်မှာအရှက်ရစရာကိစ္စတစ်ခု ဖြစ်နေတယ်။

တစ်နေ့တော့ ဘုရင်ကြီးဟာ တောကစားထွက်ရင်း စမ်းချောင်းလေးတစ်ခုနားကို ရောက်လာတယ်။ စမ်းချောင်းကလေးက ကျဉ်းပါတယ်ဆိုနေမှ ကျောက်တုံးကြီးတစ်တုံးက ပိတ်နေတော့ ရေမစီးဘဲ အပေါ်ကိုလျှံတက်နေတယ်။ အဲဒီအချင်းအရာကိုတွေ့သွားတဲ့ ဘုရင်ကြီးဟာ ကျောက်တုံးကြီးကို မပြီး ဖယ်ပေးလိုက်တယ်။ ဘုရင်ကြီးက ဒီကျောက်တုံးဟာ ထူးဆန်းတယ်လို့ ထင်ပြီး သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ ကျောက်တုံးမဟုတ်ဘဲ ဥကြီးတစ်လုံးဖြစ်နေတာကို သတိထားမိသွားတယ်။ ဘုရင်ကြီးဟာ အဲဒီဥကြီးကို နှန်းတော်ကိုယူသွားပြီး သေသေချာချာ နွေးနွေးထွေးထွေး သိမ်းဆည်းထားတယ်။ အဲဒီဥကြီးဟာ ဘာတွေများ ထူးခြားမလဲလို့ ဘုရင်ကြီးက နေ့စဉ်နေ့တိုင်း စောင့်ကြည့်နေပေမယ့် ဘာမှမထူးခြားဘဲ နှစ်၊ လ၊ ရက်တွေသာ ကြာရှည်လာတယ်။ ဒီလိုနဲ့ တစ်ခုသောနံနက်ခင်းမှာ ဘုရင်ကြီးဟာ ထူးဆန်းတဲ့အသံတစ်ခုကြောင့် အိပ်ရာက နိုးလာတယ်။ အဲဒါကတော့ မွေးကင်းစကလေးငယ်တစ်ယောက်ရဲ့ ငိုသံပဲ။ ဘုရင်ကြီးက အသံလာရာအရပ်ကို ရှာဖွေရင်း တစ်နေရာအရောက်မှာ ဝိုနေတဲ့ ကလေးငယ်ကို တွေ့သွားတယ်။ ဥကြီးက ထက်ခြမ်းကွဲပြီး ကလေးလေးက အဲဒီဥခွံထဲက ထွက်လာတာကို တွေ့သွားတယ်။ ကလေးလေးကို သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ ယောကျ်ားလေး ဖြစ်နေတာကို တွေ့ရတယ်။ ဘုရင်ကြီးက ပျော်လွန်းလို့ ဝမ်းသာနေတယ်။ သားသမီးမရှိတဲ့ ဘုရင်ကြီးက အဲဒီကလေးကို သားတော်လေးအဖြစ် မွေးစားလိုက်တယ်။

သားတော်လေးကို စနစ်တကျ ကျွေးမွေးပြုစုစောင့်ရှောက်ရင်း မင်းသားကို တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကိုလည်း သင်ပေးတယ်။ သားတော်လေး ၁၆ နှစ်သားရောက်တဲ့အချိန်မှာ တိုင်းပြည်မှာ ထူးဆန်းတဲ့ ရေဘေးဒုက္ခတစ်ခုကြုံတယ်။ အဲဒါကတော့ သန်းခေါင်အချိန်ရောက်ပြီဆိုရင် တိုင်းပြည်ထဲမှာလုပ်လည် စီးဆင်းနေတဲ့ မြစ်တွေက ရေလျှံမှုတွေ ဖြစ်လာတယ်။ အဲဒီမြစ်ရေနဲ့အတူ မိကျောင်းပေါင်းများစွာကလည်း လူနေရပ်ကွက်ထဲကို ရောက်လာတယ်။ တကယ်တော့ အဲဒီမိကျောင်းတွေက မိကျောင်းဘုရင်ကြီးရဲ့ ရှာပုံတော် စစ်သားတွေဖြစ်မယ်။ မိကျောင်းဘုရင်ကြီးက သူရဲ့ မိဖုရားက ဖွားမြင်ထားတဲ့ ဥကြီးတစ်လုံးပျောက်သွားလို့ ကမ္ဘာမြေအနှံ့လှည့်ပတ်ရှာနေတာ ဖြစ်တယ်။ ဒီလို ကြောက်မက်စရာကောင်းတဲ့ ဘေးဒုက္ခဆိုးကြီးက ပြည်သူတွေကို ညစဉ်ညတိုင်း ထိတ်ထိတ်လန့်လန့်ဖြစ်အောင် နှိပ်စက်နေတယ်။ နောက်ဆုံး ဒီသတင်းဟာ ဘုရင်ကြီးရဲ့ ရွှေနားတော်အထိ ပေါက်ကြားသွားတယ်။

ဘုရင်ကြီးက မြစ်ရေကြီးမှုဟာ မိကျောင်းတွေနဲ့ ဆက်စပ်နေလိမ့်မယ်လို့ တွေးမိတာကြောင့် မိကျောင်းတွေကို နှိမ်နင်းဖို့ ပြင်ဆင်တယ်။ ဘုရင်ကြီးက စစ်သည်အကျော်အမော်တွေကို စေလွှတ်ပြီး နှိမ်နင်းစေတယ်။ တစ်ညပြီး တစ်ညတွေကျော်လို့ စစ်သည်တွေသာ ဒဏ်ရာဖလပွနဲ့ ရှုံးနိမ့်ပြန်လာတယ်။ မိကျောင်းတွေက ဘာမှမဖြစ်တဲ့အပြင် ပိုပြီးအတင့်ရဲလာကြတယ်။ နောက်ဆုံး စွမ်းရည်ထက်မြက်တဲ့ စစ်သည်ဆိုလို့ ဘုရင်ကြီးနဲ့ သားတော်နှစ်ယောက်သာ ကျန်တော့တဲ့အထိ မိကျောင်းတွေကို ရှုံးနိမ့်လာတယ်။ ဘုရင်ကြီးက သူရဲ့ တစ်ဦးတည်းသော သားတော်ကို အထိခိုက်မခံချင်တာကြောင့် သူကိုယ်တိုင် နှိမ်နင်းဖို့ ပြင်ဆင်တယ်။ သားတော်လေးကလည်း သူရဲ့ဖခင်ကို အဆုံးရှုံးမခံချင်တာကြောင့် သူကိုယ်တိုင် နှိမ်နင်းဖို့ပူဆာတယ်။ မင်းသားလေးက အကြိမ်ကြိမ်ပူဆာနေတာကြောင့် နောက်ဆုံးမှာ ဘုရင်ကြီးက ခွင့်မပြုချင်ပေမယ့် လိုက်လျောလိုက်ရတယ်။

ညသန်းခေါင်အချိန်မှာ မြစ်ကမ်းစပ်နားကို မင်းသားလေးက ရောက်လာတယ်။ မြစ်ရေတက်လာတာနဲ့ မင်းသားလေးနဲ့ မိကျောင်းတွေရဲ့ တိုက်ပွဲက စတင်တော့တယ်။ စစ်သည်တော်တွေ တိုက်ခိုက်တုန်းက အောင်မြင်တဲ့ မိကျောင်းတွေက မင်းသားလေးရဲ့ ဓားချက်အောက်မှာ အသက်ပျောက်ကုန်တယ်။ နောက်ဆုံး မိကျောင်းဘုရင်ကြီးနဲ့ မင်းသားလေးရဲ့ တိုက်ပွဲအထိ ဖြစ်လာတယ်။ မိကျောင်းဘုရင်ကြီးက မင်းသားလေးကို မြင်လိုက်တာနဲ့ ထူးဆန်းတဲ့ စိတ်ခံစားမှုတစ်မျိုး ခံစားလိုက်ရတယ်။ မိကျောင်းဘုရင်ကြီးက တစ်ခါမှ မခံစားဖူးတဲ့ ကြင်နာခြင်း၊ သနားခြင်းမေတ္တာစိတ်တွေပေါ်လာတယ်။ မိကျောင်းဘုရင်ကြီး မင်းသားလေးကိုချစ်တဲ့စိတ်တွေပေါ်လာတာကြောင့် တိုက်ပွဲကို အရှုံးပေးတဲ့အနေနဲ့ ရေထဲကို ပြန်ဆင်းသွားတယ်။ အကြောင်းမှန်ကို မသိတဲ့ဘုရင်ကြီးက သားတော်ရဲ့ ဘုန်းတန်ခိုးအစွမ်း



ကြောင့် မိကျောင်းတွေ ကြောက်သွားတယ်ထင်ပြီး ဟား တိုက်ရယ်မောနေတယ်။

နောက်တစ်နေ့ မိုးလင်းတဲ့အခါ မိကျောင်း ဘုရင်ကြီးက လူယောင်ဖန်ဆင်းပြီး မြို့ပေါ်ကို တက်လာ တယ်။ နန်းတော်ရှေ့ကို ရောက်လာတဲ့အခါ ဘုရင်ကြီးနဲ့ တွေ့ဖို့ အကြိမ်ကြိမ်ခွင့်တောင်းပေမယ့် တံခါးမှူးက ဝင်ခွင့်မပြုဘူးတဲ့။ အဲဒါနဲ့ မိကျောင်းဘုရင်ကြီးက ရေထဲ ကယူလာတဲ့ ပုလဲလုံးတွေပေးပြီး တံခါးဖွင့်ပေးဖို့ ခွင့် တောင်းတယ်။ တံခါးမှူးက ပုလဲလုံးတွေကိုမြင်တဲ့အခါ လောဘဖောတက်ပြီး အလွယ်တကူပဲ တံခါးဖွင့်ပေး လိုက်တယ်။ ဘုရင်ကြီးနဲ့တွေ့တဲ့အခါ မိကျောင်းဘုရင် ကြီးက မင်းသားလေး အကြောင်းကို သေသေချာချာ မေးသတဲ့။ ဘုရင်ကြီးက သူ့ရဲ့သားတော်ကို ခုကွပေးမယ့် လူထင်လို့ ဒေါသဆောင်းထွက်ပြီး မိကျောင်းဘုရင်ကြီး ကို မောင်းထုတ်ဖို့ပြင်တယ်။ ဒါကိုရိပ်မိတဲ့ မိကျောင်း ဘုရင်ကြီးက မင်းသားလေးကို ခုကွပေးမယ့်လူမဟုတ် ကြောင်း၊ အိမ်နီးချင်းတိုင်းပြည်မှ သားတော်ပျောက်၍ ရှာဖွေစေလွှတ်ခြင်းခံရသော အမတ်တစ်ယောက်ဖြစ် ကြောင်း လိမ်ညာပြီး ပြောလိုက်တယ်။ အဲဒီတော့မှ ဘုရင် ကြီးက ဒေါသတွေ ပြေသွားပြီး မင်းသားလေးကိုရရှိ ခဲ့တဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တယ်။ အကြောင်းစုံသိသွားတဲ့ မိကျောင်းဘုရင်ကြီးက ဘုရင် ကြီးကို နှုတ်ဆက်ပြီး သူ့ရဲ့တိုင်းပြည်ကို ပြန်သွားတယ်။ မိကျောင်းဘုရင်ကြီး ပြန်သွားပြီး သုံးရက်အကြာမှာ မင်းသားလေးက နန်းတော်ကနေ ပျောက်ခြင်းမလှ ပျောက်သွားတယ်။ ဘုရင်ကြီးက နေရာအနှံ့လိုက်ရှာပေ မယ့် ဘယ်နေရာမှာမှမင်းသားလေးကို ရှာမတွေ့တော့ ဘူး။

ကဲ – ကလေးတို့ ဥာဏ်ကစားကြည့်ပါဦး။ မင်းသားလေးက ဘာကြောင့် ပျောက်သွားတာလဲ၊ ဘယ်လို ပျောက်သွားတာလဲ၊ အဖြေမှန်လေးတွေကို ရွှေသွေးဂျာနယ်ကို ပို့ပေးကြနော်။

ရွှေသွေးစာဆောင်

စာတည်းအဖွဲ့

စာတည်းမှူးချုပ် – ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)

စာတည်းမှူး – ဒေါ်သင်းသင်းဇင် (ဇင်)

စာတည်း (တာဝန်ခံ) – ဦးမင်းဦး (မင်းဦး– ဒဿန)

စာတည်း – ဒေါ်ငြိမ်းစုလှိုင်

စာပေလှ/ထ – ဒေါ်ကြည်ကြည်ဝင်း
– ဒေါ်အေးမမသက်

သင်္ကြန်ခါ

* ရာသီနွေဦး လေရူးဖွေ
ရွက်ဝါကြွေပေါ့လေ။
* ဝေဝေဆာဆာ ပုရစ်ဖူး
မြရောင်စိမ်းစိုလူး။
* ပွင့်ဖူးဝါရွှေပိတောက်တွေ
ရနံ့သင်းကြိုင်နေ။
* မြိုင်ခြေတောက ဥဩလေး
လွမ်းတေး ကျူးရင့်သေး။
* အတာရေအေး ပက်ဖျန်းကာ
နှစ်ဆန်းမင်္ဂလာ။
* သင်္ကြန်ခါ ပျော်စရာပဲ
အဖော်တွေနဲ့ ခွဲ။
* ရိုးရာပွဲမို့ ရွာလုံးကူ
မုန့်လုံးရေပေါလှူ။
* ကုသိုလ်ယူကာ ဒါနမွေး
ဘိုးဘွားသန့်စင်ပေး။ ။

မင်းရဲခိုင် (မောင်ဏော)



"Dad, Does a quarrel pay?"

"No, it doesn't"

"I wonder why people go into a quarrel whenthey know quarrel doesn't pay."



"Whom did you see quarrelling, son?"

"I saw Dad and Mom quarrelling." Wow!"

မောင်ကြွား နဲ့ ပိုးတီ

ကာတွန်း ဆိုးသိန်

Maung Kywar and Po Ti

By Cartoon Thein Naing

English Grammar Prepositions (ဝိဘတ်များ)

KML

Durning, for, in, over, and throughout

၁။ **During, for, in, over, throughout**

အချိန်အတိုင်းအတာတစ်ခုအတွင်း ဖြစ်ပျက်သည့် အကြောင်းအရာတစ်ခုကို ပြောဆိုသည့်အခါ ဝိဘတ် **during** ကို သုံးသည်။ 'ကာလတစ်လျှောက်လုံး၊ အတောအတွင်း၊ အချိန်အတွင်း၊ နေတုန်း၊ စဉ်တွင်' စသည်ဖြင့် ဆီလျော်သလို ဘာသာပြန်ဆိုရသည်။ ပေးထားသည့် ဥပမာဝါကျများကို လေ့လာကြည့်ပါ။

The population of the city has actually fallen **during** the last decade. (or ... **in** the last decade)
မြို့တော်ရဲ့လူဦးရေမှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလ အတောအတွင်း အမှန်တကယ် လျော့နည်းပြီး ဖြစ်တယ်။

She didn't take a holiday **during** her four years as head of the company. (or ... **in** her four years)
ကုမ္ပဏီအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့တဲ့ လေးနှစ်တာ ကာလအတွင်းမှာ သူမဟာ အားလပ်ရက်တစ်ရက်တောင် မယူခဲ့ဘူး။

During the time that I was in Paris, I only once saw the River Seine (or ... **in** the time)
ကျွန်တော်ပြင်သစ်နိုင်ငံမှာ ရှိနေစဉ်ကာလတစ်လျှောက်လုံး စိမ်းမြစ်ကို တစ်ကြိမ်သာမြင်ဖူးခဲ့တယ်။
(အထက်ပါ ဥပမာဝါကျများတွင် **during** အစား **in** ကို သုံးနိုင်သည်ကို သတိပြုမှတ်သားနိုင်သည်။)

ဤနေရာတွင် သတိပြုမှတ်သားသင့်သည့် အချက်တစ်ချက်မှာ အချိန်ကာလအတိုင်းအတာတစ်ခုအတွင်းဖြစ်ပျက်သည့် အကြောင်းအရာကိစ္စကို ပြောဆိုလို ခြင်းမဟုတ်ဘဲ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ကာလအတွင်း ဖြစ်ပျက်သည့်အကြောင်းအရာကိစ္စကို ပြောဆိုသောအခါ ဝိဘတ် **in** ကို သုံးခြင်းထက် ဝိဘတ် **during** ကို သုံးလေ့ရှိသည်။

Daw Khin Ma Ma came into our classroom **during** a maths test.
သချိုဘာသာရပ်စာမေးပွဲစစ်ဆေးနေတုန်း ဒေါ်ခင်မမာ ကျွန်တော်တို့အတန်းထဲကို ဝင်လာခဲ့တယ်။

The President made the speech **during** a vist to Madrid.
မက်ဒရစ်မြို့မှာ အလည်အပတ်ခရီးရောက်နေစဉ် အတွင်း သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့တယ်။

ထို့ပြင် အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း ယင်းကြာရှည်သည့်ကာလတစ်ချိန်လုံး ဆက်



တိုက်ဖြစ်ပျက်သည့် အခြေအနေမျိုးကို ပြောဆိုသည့်အခါ ဝိဘတ် **during** ကိုပင် သုံးလေ့ရှိသည်။

No one was allowed to leave the ship **during** (the whole of) its time in port.
ဆိပ်ကမ်းမှာ ဆိုက်ကပ်နေတုန်း ဘယ်သူမှ သင်္ဘောကို စွန့်ခွာသွားဖို့ ခွင့်မပြုဘူး။
အထက်တွင် ဖော်ပြခဲ့သည့် အခြေအနေမျိုးကို **during** အစားဝိဘတ် **throughout** ကို သုံးနိုင်သည်။ 'တစ်လျှောက်လုံး၊ တစ်ချိန်လုံး' ဟု ဘာသာပြန်ဆိုနိုင်သည်။

We had enough firewood to keep us warm **during** (the whole of) the winter. (or ... **throughout** the winter)
ကျွန်ုပ်တို့မှာ ဆောင်းရာသီတစ်ချိန်လုံး နွေးနွေးထွေးထွေးနေနိုင်ဖို့ ထင်းအလုံအလောက်ရှိတယ်။

၂။ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကြာရှည်ချိန် အချိန်ကာလတစ်ခုအတွက် ယင်းကာလ၏ တစ်စိတ်တစ်ပိုင်းဖြစ်စေ သို့မဟုတ် ယင်းကာလတစ်ချိန်လုံးဖြစ်စေ လူပ်ရှားဆောင်ရွက်မှု သို့မဟုတ် အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းပြောဆိုသောအခါ **over** သို့မဟုတ် **during** ကို သုံးနိုင်သည်။

Weather conditions have been improving **over/during** the past few days.
လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ ရာသီဥတုအခြေအနေဟာ တိုးတက်ကောင်းမွန်လျက်ရှိပြီးဖြစ်တယ်။

I fell, banged my head, and can't remember anything about what happened **over/during** the next hours or so.
ကျွန်တော်ချော်လဲပြီး ခေါင်းနဲ့ ဆောင့်မိတယ်။ နောက်ထပ် တစ်နာရီလောက်အတွင်းမှာ ဘာဖြစ်ပျက်ခဲ့တယ်ဆိုတာကို ကျွန်တော်မမှတ်မိတော့ဘူး။

ဤသဘောတရားနဲ့ ပတ်သတ်ပြီး သတိပြုသင့်သည့် အချက်တစ်ခုမှာ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခု အတွင်းတွင်ရှိသည့် အချိန်အပိုင်းအခြားသည် မဖြစ်စလောက် တိုတောင်းသည့် အချိန်ကာလဖြစ်ပါက ယင်းကာလအတွင်း ဖြစ်ပျက်သည့်အကြောင်းကိစ္စကို ဝိဘတ် during ကိုသာသုံးပြီး ရေးသားလေ့ရှိသည်။ ဝိဘတ် over ကို သုံးလေ့မရှိပါ။

She sneezed **during** the performance (not ... **over** the performance)
ကပြနေတုန်း သူမနာချေခဲ့တယ်။

During a pause in the conversation, she left the room (not ... **over** a pause)
စကားစမြည်ပြောနေရာက ခေတ္တခဏရပ်နားနေစဉ်အတွင်းမှာ သူမဟာ အခန်းထဲက ထွက်သွားခဲ့တယ်။

၃။ လူပ်ရှားဆောင်ရွက်မှုတစ်ခု၊ ကိစ္စတစ်ခုသည် အချိန်ဘယ်လောက်ကြာကြာ ဖြစ်ပျက်သည်ကို ပြောဆိုသောအခါ ဝိဘတ် **for** ကို သုံးသည်။ ထိုသို့ မဟုတ်ဘဲ လူပ်ရှားဆောင်ရွက်မှုတစ်ခု၊ ကိစ္စတစ်ခုသည် ဘယ်အချိန်ကာလက စတင်ဖြစ်ပျက်သည်ကို ပြောဆိုသောအခါ ဝိဘတ် **during** ကိုသုံးသည်။ ဥပမာဝါကျများကို လေ့လာကြည့်ပါ။

You can only come in **for** a few minutes. (not ... **during**...)
သင်ဟာ မိနစ်အနည်းငယ်ကြာသာလျှင် အထဲကိုဝင်လာပြီး နေလို့ရမယ်။

I felt ill **for** a couple of days, but was fine after that. (not ... **during** ...)
ကျွန်တော်နှစ်ရက်ကြာဖျားခဲ့တယ်။ အဲဒီနောက်မှာတော့ ပြန်ကောင်းသွားတယ်။

about ten of us were taken ill **during** a party we were at in Mandalay. (not ... **for** a party)
မန္တလေးမြို့မှာ လုပ်တဲ့ပါတီပွဲတစ်ခုမှာ ကျွန်ုပ်တို့အားလုံး ရှိနေတဲ့အချိန်တုန်းက ကျွန်ုပ်တို့ ဆယ်ယောက်ခန့်လုံး နေထိုင်မကောင်းဖြစ်ခဲ့ကြတယ်။

You will get plenty of practical experience **during** the training period. (not ... **for** the traiing period)
သင်တန်းကာလမှာ လက်တွေ့အတွေ့အကြုံတွေ အများကြီး သင်ရရှိလိမ့်မယ်။

ပိုးကတုံး

အာကိန်း (ကာတွန်း)

PO GADONE

BY AH KEIN (CARTOON)

"I must look for some toys to play like a Red Indian."



"I'll play with my uncle's golf clubs."

"I must make a canvas tent with these golf clubs."



"I'll go and get the feather to make a hat."

"I must get the feather from my uncle's hat."

"Oh! I've fallen down."



"Oh! the pillows have ripped." "I've got an idea." "I'll make a Red Indian's hat with the feather."

"I've got a hat. But I need a pipe." "Oh! The pipe is blocked." Then,



"What? Feathers have been strewn in the room." "Oh! Where are my golf clubs?"

"Well now I've got good companions to play like a Red Indian.So, I must run."

လှလှစရာ ပန်းတို့ကမ္ဘာ

ကိုကို (စိုက်ပျိုးရေး)

ကလေးတို့ရေ ... ဒီတစ်ပတ်တော့ ကလေးတို့ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသေးတဲ့ ပန်းပွင့်လေးတွေအကြောင်း လေ့လာကြည့်ရအောင်။

ကက်တလီယာသစ်ခွ

အုန်းငှက်ပျော

ရေတကောင်းပင်

ဒင်ဒရိုဗီယမ်သစ်ခွ

ဗေအိုဗတ်သစ်မာပင်

သစ်မာဖန်းပင်

ဗင်ဒါသစ်ခွ

မွန်စတယ်ရာဒီလီစီယိုဆာ

အုန်းပင်

ရွှေသွေးဉာဏ်စမ်း

တင်ဖြူသူ – ငရွှေငင်



ဘာကောင်လေးလဲ

အစက်ချထားတဲ့ နေရာတွေမှာ
ကြိုက်နှစ်သက်ရာ အရောင်တစ်ခုနဲ့
အရောင်ခြယ်လိုက်ပါ။ အဲဒီအခါမှာ
ဘာကောင်လေးလဲဆိုတာ
ရွှေသွေးလေးတို့ တွေ့မြင်ရမှာပါ။





စကားလုံးတွေနဲ့ ကစားကြရအောင်

ရေမြင်းကြီးရဲ့ကိုယ်ပေါ်မှာ အင်္ဂလိပ်စာစကားလုံး လေးလုံး ရေးထားတယ်။
ထို့အတူပဲ ကြောင်လေးတွေရဲ့ကျောမှာလည်း တူညီတဲ့ အင်္ဂလိပ်စာစကားလုံး
တွေပါသလို မတူညီတဲ့စကားလုံးတွေလည်း ရှိလေရဲ့။ မတူညီတဲ့စကားလုံးတွေကို
ရှာဖွေပြီး ကလေးတို့က အရောင်ခြယ်ပေးပါလားကွယ်။

သားသားတို့ သင်္ကြန်

* ပိတောက်နုံ့မွှေး ပင်ထက်ယံ
ဥဩခွန်းချို နေဂိမှာန်၊
စည်တိုသံကြွ လတန်ခူး
သားသားတို့ ပျော်မြူး။
* အုန်းလက်ပူးဆွဲ အခန်းငယ်
ပုံးခွက်ပြွတ်တံသယ်၊
သွားလာဆည်သည် ဖြတ်အလျှောက်
လောင်းပက်တကောက်ကောက်။
* ရွှတ်နောက်ပြောင်စ မလုပ်ပေါင်
အိုးမည်းကိုင်ခြင်းရှောင်၊
ညီနောင်ခြင်းလည်း ရန်မပွား
ဦးဓာဃကို အကြောက်သား။
* ကြားဖူးနားဝ ဆိုသလေ
ပေါင်းစပ်သင်္ကြန်ခွေ၊
ကြေးကြိုးသားရေ လေလက်ခုပ်
ပါးစပ်ဆိုင်းနဲ့ အပီထုတ်၊
ညောင်းလာပါသော် ထိုင်ငုတ်တုတ်
ချမ်းအေး မတုန်လှုပ်။

ဒါန်းဒွန်– ခမောင်ခမောင်တင်

ရွေးချေး
ယခုတစ်ပတ် ပတ်စရာ မှတ်စရာ

* "သင်္ကြန်ကြီး ထထ"ဆိုတဲ့ အထူးထုတ် ➤ (စာ ၁-၄)
ဂျက်နာမုံးဇာတ်လမ်း
* မြန်မာစာ၊ မြန်မာစကားကြွယ်ဝစေရေးကို ရည်ရွယ်တဲ့ မြန်မာစကားပိုင်း (၄၆) ➤ (စာ- ၅)
* အစအနောက်သန်တဲ့ စိန်ဓမ္မာကံမျောက် ➤ (စာ ၆-၇)
* စိတ်ဝင်စားဖွယ်၊ဉာဏ်ကစားဖွယ်ကောင်းတဲ့ မိကျောင်းမင်းသားလေးရဲ့ ပုံပြင် ➤ (စာ ၈-၉)
* မောင်ကြွားနဲ့ မိုးတိတို့ အကြွားပြိုင်ပွဲ ➤ (စာ- ၁၀)
* ရွေးချေးတို့ အင်္ဂလိပ်စာ ဖွဲ့ပြိုးတိုးတက်စေဖို့ ဆေလာစရာ Preposition (ဝိဘတ်များ)၊ ➤ (စာ- ၁၁)
* လူရိုင်းလုပ်တိုင်းကစားချင်တဲ့ မိုးကတုံး။ ➤ (စာ- ၁၂-၁၃)
* လေ့လာစရာပန်းတို့ကမ္ဘာနဲ့ ➤ (စာ -၁၄)
* ရွေးချေးဉာဏ်စမ်းစာသည်စသည်တို့ကို ဝေဝေဆာဆာ တင်ဆက်ထားပါတယ်။ ➤ (စာ -၁၅)

ဖောင်တင်ယု

ဝိုးလပြည့်

Po La Pyae

By Maung Tin Yu

"Po La Pyae,what's wrong with your hand?"

"Last night, I met a ghost in my dream."

"I told him not to disturb me. But I can't."

"I couldn't drive him away."

"That's why, I gave him a blow with all my might. Hee."

R.517

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဒီမာန်၊ စာတည်းမှူးချုပ်က ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၃၄၉၂၂) ဖြင့် ဖိုတိုလစ်သို့ပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၃၁) ဖြင့် ထုတ်ဝေသည်။